နောက်ဆက်တွဲ(က)

**၂၀၁၆ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁၀၈ ၏ အမိန့်**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၆ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁၀၈၊ Mr. Waranon Laprabang (GM) (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နော်အယ်ဒါးမိုး)၊ PTTEP International Limited နှင့် ခုံသမာဓိကောင်စီပါ - ၃၂ အမှုအား ၃-၄-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ "**ဤတရားမအထွေထွေလျှောက်ထားမှုကို ခွင့်ပြုသည်။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ၂၉-၁၀-၂၀၁၅ ရက်စွဲပါဆုံးဖြတ်ချက်နှင့် ခုံသမာဓိကောင်စီ၏ ၄-၁၂-၂၀၁၅ ရက်စွဲပါ ဆုံးဖြတ်ချက်တို့ကို အမှုခေါ်စာချွန်တော် အမိန့်ထုတ်ဆင့်ပယ်ဖျက်လိုက်သည်။**" ဟုအမိန့်ချမှတ်ခဲ့ပါသည်။